**National Coalition Government of the Union of Burma**

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ**

## (၅၈) နှစ်မြောက် မွန်အမျိုးသားနေ့ သို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာ

၁၃၆၆ ခုနှစ် တပို့တွဲလဆုတ်(၁) ရက်၊ ခရစ် ၂၀၀၅ ခုနှစ် ဖေဖေါ်ဝါရီလ (၂၄) ရက် နေ့သည် ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော (၅၈)နှစ်မြောက် မွန်အမျိုးသားနေ့အခါသမယ ဖြစ်ပေသည်။ မွန်အမျိုးသားတို့၏ ဤသမိုင်းဝင်နေ့မြတ်အခါသမယ၌ မွန်အမျိုးသားခေါင်းဆောင်ကြီးများနှင့်တကွ မွန်တိုင်းရင်းသားပြည်သူလူထု တရပ်လုံး အား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေကြောင်း နှင့် မဝေးလှသော အနာဂတ်တွင် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော မွန်ပြည်နယ်သစ်ပေါ်ထွန်းလာပါစေကြောင်း အလေးအနက်ဆန္ဒ ပြု အပ်ပါသည်။

ယနေ့မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး အသီးသီး တွေ့ကြုံ ရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာမှာ စစ်အာဏာရှင်များ၏ လူမျိုးကြီးဝါဒကျင့်သုံးမှု၊ တိုင်းရင်းသားလူမျိုးများအား အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ပေးရန်အစဉ်တစိုက်ငြင်းဆန်နေမှု၊ နှုတ်မှ ငြိမ်းချမ်းရေးဟု ဟစ်ကြွေးနေသော်လည်း လက်တွေ့တွင် စစ်အင်အားသုံး ဗိုလ်ကျအနိုင်ကျင့်မှုများသာဖြစ်နေပေသည်။ ထို့ပြင် နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးအဖြေရှာရမည့်အစား၊ စစ်အာဏာပိုင်များသည် စစ်အင်အားသုံး ဖိနှိပ်နေပေသည်။ ထို့ကြောင့် အမျိုးသား လွတ်မြောက်ရေး တော်လှန်ရေးများ စဉ်ဆက်မပြတ် ပေါ်ပေါက်ခဲ့ရပေသည်။ မွန်အမျိုးသားတို့သည်လည်း အခြား တိုင်းရင်းသားများ နည်းတူ နှစ်ပေါင်းများစွာ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲဆင်နွှဲလျှက်ရှိရာ ယနေ့အချိန်အထိ ဖြစ် ပေသည်။

မွန်တိုင်းရင်းသားပြည်သူလူထုတရပ်လုံး၏ လိုလားချက်ဖြစ်သော တရားမျှတရေး၊ တန်းတူရေးနှင့် လွတ်လပ်ရေးတို့အတွက် မွန်အာဇာနည် များစွာတို့သည် အသက် ဘဝ နှင့် ကိုယ်လက်အင်္ဂါ မြောက်များစွာ စွန့်လွှတ် ပေးဆပ် တိုက်ပွဲဝင်ခဲ့ကြပေသည်။ ထို ရဲရင့်သော မွန်အမျိုးသားခေါင်းဆောင်များ၊ မွန်အမျိုးသားရဲဘော်များနှင့် မွန် တော်လှန်ရေးသမားအပေါင်းတို့၏ ဂုဏ်ရောင်ပြောင်သော တော်လှန်ရေးစိတ်ဓါတ်ကို ဤ(၅၈)နှစ်မြောက် မွန်အမျိုးသားနေ့ အခါ သမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရက အထူးမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

မွန်တိုင်းရင်းသားများသည် သမိုင်းယဉ်ကျေးမှု အစဉ်အလာကြီးမား၍သွေးစည်းညီညွတ်မှုရှိသောလူမျိုးနွယ်တရပ် ဖြစ်ပေသည်။ ထို့ပြင် မွန်တိုင်းရင်းသားတို့သည် မိမိတို့ ဘိုးစဉ်ဘောင်ဆက်တည်ရှိခဲ့သော မျိုးရိုးအစဉ်အဆက်ကို မပျောက်ပျက်အောင်ဆက်လက် ထိန်းသိမ်းလိုကြသည်။ မိမိတို့

ဓလေ့ထုံးတမ်း၊ ဘာသာစကား စာပေ၊ အနုပညာယဉ်ကျေးမှု အစရှိသော မျိုးရိုးအမွေအနှစ်တို့ကိုလည်း အဓွန့်ရှည်အောင် မြှင့်တင်ထိမ်းသိမ်းလိုကြပေသည်။ မိမိတို့ဘိုးစဉ်ဘောင်ဆက် အခြေချနေထိုင်ခဲ့ရာ ရေမြေဒေသကိုလည်း အလွန်ချစ်မြတ်နိုးကြပေသည်။ ယဉ်ကျေးမှုမြင့်မား၍ မျိုးချစ်စိတ်ထက်သန်သော လူမျိုးဖြစ်သည့်အလျောက် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးကိုလည်း တန်ဘိုးထားလိုလားကြပေသည်။ ယင်းမွန်အမျိုးသားပြည်သူလူထုတရပ်လုံး၏ တန်ဘိုးထားလိုလားချက်များသည် ထိုက်သင့်မှန်ကန်သော ကိစ္စဖြစ်သည့်အလျောက် လေးလေးစားစားဖြည့်ဆည်းဆောင်ရွက်ပေးရန် အမှန်ပင် လိုအပ်သည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရက ယုံကြည်ပေသည်။

ဤ(၅၈)နှစ်မြောက် မွန်အမျိုးသားနေ့ အခါသမယ၌ ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတကာအစိုးရအဖွဲ့များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက မြန်မာနိုင်ငံတွင်အမျိုးသား ပြန်လည် သင့်မြတ်ရေး ပေါ်ထွန်းစေရန်အတွက် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအား ပြန်လွှတ်ပေးရန်၊ နိုင်ငံရေးပါတီရုံးခန်းများ ပြန်လည်ဖွင့်လှစ်ခွင့်ပေးရန်၊ တပြည်လုံးအပစ်ရပ်ရန်၊ လက်ရှိ တဖက်သတ်ကျင်းပနေသော အမျိုးသားညီလာခံကိုရပ်စဲ၍ လူထုကိုယ်စားပြုပါတီများ လူပုဂ္ဂိုလ်များအား ပါဝင်ခွင့်ပြုရန် တိုက်တွန်းပြောကြားနေပေသည်။ ပြည်တွင်းပြည်ပရှိ တိုင်းရင်းသားအင်အားစုများ နှင့် ဒီမိုကရေစီအင်အားစုများကလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထူးဝါယမ စိုက်ထုတ် ဆောင်ရွက်နေကြချိန်ဖြစ်ပေသည်။ ဤသို့ထူးခြားသော နိုင်ငံရေးအခြေအနေများဖြစ်ပေါ်နေချိန်တွင် မွန်တိုင်းရင်းသား ပြည်သူလူထုကြီးက လက်ရှိနိုင်ငံရေး ပြဿနာများကိုသုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း တစိုက်မတ်မတ် ဖေါ်ပြခဲ့သည်မှာလည်း အချိန်အခါ အခြေအနေနှင့် ကိုက်ညီသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်းအစိုးရက လိုက်လှဲစွာ ကြိုဆိုအပ်ပေသည်။

သို့ဖြစ်၍ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီစနစ်ထွန်းကားရေး၊ အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသောဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းရေးတည်းဟူသော နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်သည်အထိ၊ သွေးစည်းညီညွတ်မှု အစဉ်အလာကြီးမားသော မွန်အမျိုးသားထုကြီးနှင့် အတူလက်တွဲ၍ မဆုတ်မနစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရက ဤ (၅၈)နှစ်မြောက် မွန်အမျိုးသားနေ့အခါသမယ ၌ လေးနက်စွာသန္နိဋ္ဌာန်ပြုလျှက် ဤဂုဏ်ပြုသဝဏ်လွှာကို လေးစားစွာ ပေးပို့အပ်ပါသည်။

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆုတ် (၁)ရက်။
ခရစ် ၂၀၀၅ ခုနှစ်၊ ဖေဖေါ်ဝါရီလ(၂၄)ရက်။
**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ**